## Company Profile (Myanmar Thilawa SEZ Holdings Public Co., Ltd.)

<table>
<tr><td>ကုမ္ပဏီအမည်</td><td colspan="3">မြန်မာသီလဝါ အက်စ်အီးဇက် ဟိုးဒင်းပက်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်</td></tr>
<tr><td>Code</td><td>၀၀၀၀၂</td><td>ISIN code</td><td>MM၀၀၀၀၂၀၀၀၀၄</td></tr>
<tr><td rowspan="2">စတင်တည်ထောင်သည့်နေ့</td><td rowspan="2">၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်</td><td>ဥက္ကဋ္ဌ</td><td>ဦးဝင်းအောင်</td></tr>
<tr><td>စီမံအုပ်ချုပ်သူ</td><td>ဦးမြင့်ဇော်<br>(အမှုဆောင်အရာရှိချုပ် )</td></tr>
<tr><td>စာရင်းဝင်ဖြစ်သည့်နေ့</td><td>၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်</td><td>ဘဏ္ဍာရေးနှစ်</td><td>ဧပြီလ ၁ မှ မတ်လ ၃၁ ထိ</td></tr>
<tr><td>အများပြည်သူသို့ ထုတ်ရောင်းထားသည့် ရှယ်ယာ</td><td>၃,၈၉၂,၉၁၅၀ ရှယ်ယာ<br>(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)</td><td>ထည့်ဝင်ပြီး ရင်းနှီးငွေ</td><td>မြန်မာကျပ် ၃၈,၉၂၉,၁၅၀,၀၀၀<br>(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)</td></tr>
<tr><td>ဖုန်းနံပါတ်</td><td>၀၁-၂၃၀၁၇၇၂-၃ ၊ ၂၃၀၁၈၅၃</td><td>အီးမေးလိပ်စာ</td><td>info@mtshmyanmar.com</td></tr>
<tr><td>လိပ်စာ</td><td colspan="3">ရွှေဇမ္ဗူရေးဗားဗျူးကွန်ပလက်စ်၊ ၂၃ ဂျီ ဝမ်း၊ အမှတ် ၃(ဘီ)၊ တာဝါ အေ၊ အပေါ်ဆုံးအလွှာ ၁-၂၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။</td></tr>
<tr><td>လုပ်ငန်း</td><td colspan="3">MTSH သည် မြန်မာနိုင်ငံရှိ အိမ်ခြံမြေဖွံ့ဖြိုးတည်ဆောက်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် အခြားကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ အစုရှယ်ယာများပိုင်ဆိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ MTSH ကုမ္ပဏီကို ရှယ်ယာအများစုပိုင်ဆိုင်သူ ၉ ဦးဖြင့် အဓိက ပါဝင်ဖွဲ့စည်းထားသည့် မြန်မာပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ ပူးပေါင်း၍ ဖွံ့ဖြိုးတည်ဆောက်ရန် သဘောတူလုပ်ကိုင်နေသည့် စက်မှုနယ်မြေတစ်ခုဖြစ်ပြီး ထောက်ပံ့ပို့ဆောင်ရေးဇုန်များ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတည်ဆောက်မှုများလည်း ပါဝင်ပါသည်။<br><br>MTSH၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br>- Zone A Project ၏ ဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့် လုပ်ငန်းလည်ပတ်မှုများ လုပ်ကိုင်လျက်ရှိသည့် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Japan Thilawa Development Ltd. (MJTD) တွင် ရင်းနှီးမြှုပ်နှံခြင်း။ MTSH သည် MJTD တွင် အစုရှယ်ယာရှင် တစ်ဦး ဖြစ်သည့်အပြင် MJTD နှင့်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုထားသည်။<br>- MTSH သည် သီလဝါအထူးစီးပွားရေးဇုန် Zone A Project အတွက် ငှားရမ်းမည့် သူများနှင့် နေရာချထားပေးသူများအား သီးခြားရှာဖွေ ကမ်းလှမ်းမှုများ ပြုလုပ် နိုင်ရန် MJTD နှင့် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ် တစ်ရပ်ကိုလည်း ချုပ်ဆိုထားပါသည်။<br>- Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းအား ဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့်လုပ်ငန်း</td></tr>
</table>

| | |
|---|---|
| | လည်ပတ်မှုများလုပ်ဆောင်မည့် Thilawa Property Development (TPD) တွင် ရင်းနှီးမြှုပ်နှံခြင်း။<br>- သီလဝါအထူးစီးပွားရေးဇုန်နှင့် ၎င်း၏အစိတ်အပိုင်းအချို့ (Zone A ဧရိယာအပြင်) ဖွံ့ဖြိုးတည်ဆောက်မှုတွင် MTSHဒါရိုက်တာများ၏ ဆုံးဖြတ်ချက်အရ ပါဝင် လုပ်ကိုင်ခြင်း။<br><br>MTSHကုမ္ပဏီသည် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် သီလဝါစီးပွားရေးဇုန်ရှိအခြားအိမ်ခြံမြေဖွံ့ဖြိုးတည်ဆောက်မှုလုပ်ငန်းများနှင့် မြန်မာနိုင်ငံရှိ အခြားအိမ်ခြံမြေဖွံ့ဖြိုးတည်ဆောက်မှုလုပ်ငန်းများတွင် ကျွန်ုပ်တို့၏ သင်းဖွဲ့မှတ်တမ်းနှင့်စည်းမျဉ်းများ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်သွားရန် စီစဉ်ထားပါသည်။ နောင်နှစ်အနည်းငယ်အထိ ကုမ္ပဏီ၏ ဝင်ငွေအများစုသည် MJTD၊ TPD နှင့် လက်ရှိလုပ်ငန်းများမှ ရရှိမည်ဟု ခန့်မှန်းထားသော်လည်း ကုမ္ပဏီအနေဖြင့် ပုံမှန်ဝင်ငွေရရှိရန်နှင့် ဝင်ငွေအရင်းအမြစ်များ ပိုမိုများပြားစေရန်အတွက် ကုမ္ပဏီအားချဲ့ထွင်ရန်လိုအပ်ကြောင်း နားလည်သဘောပေါက်ပါသည်။ |
| ဒါရိုက်တာအဖွဲ့ဝင်များ | ဦးဝင်းအောင် (ဥက္ကဋ္ဌ)<br>ဦးထွန်းလွင် (ဒု ဥက္ကဋ္ဌ နှင့် ဘုတ်အဖွဲ့အတွင်းရေးမှူး)<br>ဒေါက်တာအောင်ထွန်းသက် (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးအောင်ညွန့် (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးတိုးအောင်မြင့် (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးငွေးချွန် (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးသောင်းဟန် (ဒါရိုက်တာ)<br>ဒေါက်တာဉာဏ်သစ်လှိုင် (ဒါရိုက်တာ)<br>ဦးမြင့်ဇော် (ဒါရိုက်တာ နှင့် အမှုဆောင်အရာရှိချုပ်)<br>ဦးသူရိန်အောင် (ဒါရိုက်တာ)<br>ဦးမင်းဦး (ဒါရိုက်တာ)<br>ဒေါ်အေးအေးအောင် (ဒါရိုက်တာ)<br>ဦးဝဏ္ဏခိုင် (ဒါရိုက်တာ) |
| Website | http://www.mtshmyanmar.com |
| အဓိကငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ | CB Securities Ltd. |
| စာရင်းစစ် | Win Thin & Associates |
| ကုမ္ပဏီ၏သမိုင်းကြောင်းအကျဉ်းချုပ် | ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် - MTSH အား ကုမ္ပဏီအက်ဥပဒေအရ အောက်ပါအဓိကရှယ်ယာရှင်များမှ အများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့် မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဓိကအစုရှယ်ယာရှင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသည့် ရင်းနှီးမြှုပ်နှံသူများကို UMFCCI မှ ဖိတ်ကြားချက်ဖြင့် ရွေးချယ်ပေါင်းစည်းခဲ့ခြင်းဖြစ်ပါသည်။<br><br>- First Myanmar Investment Company Limited သို့မဟုတ် FMI |

- Golden Land East Asia Development Limited သို့မဟုတ် GLAD
- Myanmar Agribusiness Public Corporation (MAPCO) Limited သို့မဟုတ် MAPCO
- Myanmar Agricultural & General Development Public Limited သို့မဟုတ် MAGDPL
- Myanmar Edible Oil Industrial Public Corporation (MEICO) သို့မဟုတ် MEICO
- Myanmar Sugar Development Public Company Limited သို့မဟုတ် MSD
- Myanmar Technologies and Investment Corporation Limited သို့မဟုတ် MTI
- National Development Company Group Limited သို့မဟုတ် NDCG
- New City Development Public Company Limited သို့မဟုတ် New City Development

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် - Zone A Project ၏ ဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့် လုပ်ငန်းလည်ပတ်မှုများ လုပ်ကိုင်ရန်အတွက် MJTD တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ MTSH သည် Thilawa Special Economic Zone Management Committee (Thilawa SMC) နှင့် MMS Thilawa Development Co., ltd (MMSTD) တို့နှင့် ဖက်စပ်ကုမ္ပဏီသဘောတူ စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ထို့နောက်MJTD တွင်Japan International Cooperation Agency (JICA) အနေဖြင့် ပါဝင်နိုင်ရန်နှင့် အခြားရည်ရွယ်ချက်များအတွက် MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နှင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တို့တွင် ပြင်ဆင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် - Zone A Project တည်ဆောက်မှု ပထမအဆင့်အား တရားဝင် စတင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် - Zone A Project အားဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့်လုပ်ငန်းလည်ပတ်မှုများ လုပ်ကိုင်ရန်အတွက် MJTD အား ပုဂ္ဂလိကကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လ - MTSH ၏ အစုရှယ်ယာ ၂,၁၄၅,၀၀၀ စုအား ထည့်ဝင်ရန် အများပြည်သူအား ကမ်းလှမ်းခဲ့ပါသည်။ မူရင်းရှယ်ယာတန်ဖိုးအပေါ် အခြေခံထားသည့် စတင်ကမ်းလှမ်းသည့် ဈေးနှုန်းသည် ကျပ် ၁၀၀၀၀ ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် - MJTD သည် MTSH နှင့် ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခဲ့၍ Zone A Project ရှိ MJTD ၏ ငှားရမ်းခြင်းဆိုင်ရာ အကျိုးစီးပွားများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်စီမံခြင်းတို့လုပ်ကိုင်ရန် အေးဂျင့်အဖြစ် MTSH အား ခန့်ထားခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် - MTSH သည် Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား ဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့် လုပ်ငန်းလည်ပတ်မှုများ လုပ်ကိုင်ရန်အတွက် ၎င်း၏ လက်အောက်ခံကုမ္ပဏီ TPD ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် - Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား ဖွံ့ဖြိုးမှု တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ကိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုပါမစ်အား Thilawa SMC မှ TPD သို့ ထုတ်ပေးခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် - Zone A Project ၏ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ စီးပွားရေးလုပ်ငန်း စတင်လည်ပတ်နေပြီဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ MTSH သည် အနာဂါတ်တွင် Zone B Project အား ဖွံ့ဖြိုးမှု၊ တည်ဆောက်မှု၊ ဈေးကွက်မြှင့်တင်မှု၊ အငှားချထားခြင်း၊ အရောင်းနှင့်လုပ်ငန်း လည်ပတ်မှုများ လုပ်ကိုင်ရန်အတွက် Thilawa SMC၊ MMSTD နှင့် JICA တို့ဖြင့် နားလည်မှု စာချွန်လွှာတစ်ရပ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ Zone B Project သည် သီလဝါအထူးစီးပွားရေးဇုန်တွင်တည်ရှိသည့် စက်မှုနယ်မြေဖွံ့ဖြိုးတည်ဆောက်မှု လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက် - MTSH သည် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် - Zone B Project အတွက် MTSH ၊ TSMC ၊ MMSTD နှင့် JICA တို့အကြား "Third Amendment and Restatement of Joint Venture Agreement" စာချုပ်ကို နေပြည်တော်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် - အထူးအထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏ ရှိရင်းစွဲ ရိုးရိုးရှယ်ယာတစ်စုစီကို ရှယ်ယာ (၁၀) စု အဖြစ် Myanmar Companies Act ပါ ပုဒ်မ ၃၁ နှင့် ၅၀၊ ကုမ္ပဏီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း ပုဒ်မ ၃၂ တို့အရသတ်မှတ်ရန် ရှယ်ယာရှင်များက အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် - MTSH နှင့် MJTD တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် စုစုပေါင်းစီမံကိန်းဧရိယာ ဟက်တာ ၇၀၀ အနက် ၁၀၁ ဟက်တာရှိ Zone B စတင်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပါသည်။

၂၀၂၀ ခုနှစ်၊ မတ်လ ၅ ရက် - ကြို့ကုန်း ဘက်စုံသုံးအိမ်ယာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ဦးစားပေးတည်ဆောက်သူအဖြစ် MTSH အား ရွေးချယ်သတ်မှတ်ခြင်းခံခဲ့ရပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁ ရက် - MTSH ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဦးမြင့်ဇော်အား ခန့်အပ်ခဲ့ ပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက် - အထူးအထွေထွေ အစည်းအဝေးနှင့် ဒါရိုက်တာများအဖွဲ့ အစည်းအဝေး (၁/၂၀၂၃-၂၀၂၄) ၏ ဆုံးဖြတ်ချက်များအရ **အုပ်ချုပ်မှုဒါရိုက်တာ**နေရာတွင် **အမှုဆောင်အရာရှိချုပ်**အဖြစ် ရာထူးအမည်ကို ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပြီး တစ်ဆက်တည်း မှာပင် ဦးမြင့်ဇော်၏ ရာထူးမှာလည်း အထက်ပါအချက်နှင့်အညီ အမှုဆောင်အရာရှိချုပ် ဖြစ်လာပါသည်။

# Company Profile (Myanmar Thilawa SEZ Holdings Public Co., Ltd.)

<table>
<tr><td>Company Name</td><td colspan="3">Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH)</td></tr>
<tr><td rowspan="2">Date Formed</td><td rowspan="2">3rd May 2013</td><td>Chairman</td><td>U Win Aung</td></tr>
<tr><td>Management</td><td>U Myint Zaw<br>(Chief Executive Officer)</td></tr>
<tr><td>Date Listed</td><td>20th May 2016</td><td>Fiscal year</td><td>1st April to 31st March</td></tr>
<tr><td>Outstanding Shares</td><td>38,929,150 shares<br>(as at 31st March 2025)</td><td>Paid-up Capital</td><td>MMK 38,929,150,000<br>(as at 31st March 2025)</td></tr>
<tr><td>Phone</td><td>01-2301772~3, 230 1853</td><td>Email</td><td>info@mtshmyanmar.com</td></tr>
<tr><td>Address</td><td colspan="3">Shwe Zabu River View Complex: 23 G - 1, No.3B, Tower (A), Penthouse 01 & 02, Strand Road, Ahlone Township, Yangon.</td></tr>
<tr><td>Business</td><td colspan="3">MTSH is a public company that owns shares and invests in other companies engaged in real estate development in Myanmar. It was established by a Myanmar consortium comprising of nine principal shareholders primarily (but not exclusively) for the purpose of participating in the Thilawa Special Economic Zone (Thilawa SEZ) Project. The Thilawa SEZ Project is primarily an industrial park development, which the Myanmar Government and the Japanese Government have agreed to cooperate to develop and also include logistic zones, Residential and Commercial development.<br><br>MTSH's principal business activities are as follows:<br><br>• Investment in Myanmar Japan Thilawa Development Ltd. (MJTD), the joint venture company undertaking the development, construction, marketing, lease, sale and operation of the Zone A Project. Apart from being a shareholder in MJTD, MTSH has a Management Agreement with MJTD. MTSH also has a Marketing Agreement with MJTD to separately seek out and secure possible tenants/locators for Thilawa SEZ Zone A Project.<br><br>• Investment in Thilawa Property Development Ltd. (TPD), which will engage in the development, construction, marketing, sale and operation the Residential and Commercial Component of the Zone A Project.<br><br>• Engage in the development of the Thilawa SEZ (other than the Zone A Area) or any part thereof as may be determined by our Directors in their discretion.<br><br>MTSH plans to create and ensure long-term value by investing in other real estate development projects in the Thilawa SEZ and in Myanmar (other than in the Thilawa SEZ), as may be allowed by its Memorandum and Articles of Association and Applicable Laws. Although the Company believes that majority of its earnings in the next few years will still come from MJTD and TPD and its current projects, it recognizes that it is important for the Company to expand in order to diversify its sources of earnings and to make sure that the Company has recurring and dependable income.</td></tr>
</table>

| | |
|---|---|
| Board of Directors | U Win Aung (Chairman)<br>U Tun Lwin (Vice Chairman, Board Secretary)<br>Prof. Dr. Aung Tun Thet (Independent Director)<br>U Aung Nyunt (Independent Director)<br>U Toe Aung Myint (Independent Director)<br>U Htay Chun (Independent Director)<br>U Thaung Han (Director)<br>Dr. Nyan Thit Hlaing (Director)<br>U Myint Zaw (Director, Chief Executive Officer)<br>U Thurane Aung (Director)<br>U Min Oo (Director)<br>Daw Aye Aye Aung (Director)<br>U Wanna Khine (Director) |
| Website | http://www.mtshmyanmar.com |
| Lead Securities Company | CB Securities Ltd. |
| Auditor | Win Thin & Associates |
| Company History | 3rd May 2013 – MTSH was incorporated in Myanmar under the Companies Act as a public limited company by the following principal shareholders which were put together through UMFCCI invitation for investors with specific qualifications:<br><br>• First Myanmar Investment Public Company Limited (FMI)<br>• Golden Land East Asia Development Public Company Limited (GLAD)<br>• Myanmar Agribusiness Public Company Limited (MAPCO)<br>• Myanma Agricultural & General Development Public Company Limited (MAGDPL)<br>• Myanmar Edible Oil Industrial Public Company Limited (MEICO)<br>• Myanmar Sugar Development Public Company Limited (MSD)<br>• Myanmar Technologies and Investment Corporation Public Company Limited (MTI)<br>• National Development Company Group Public Company Limited (NDCG)<br>• New City Development Public Company Limited<br><br>29th October 2013 – MTSH entered into the MJTD Joint Venture Agreement with the Thilawa SEZ Management Committee (TSMC) and MMS Thilawa Development Co. Ltd., (MMSTD) in connection with the establishment of MJTD to undertake the development, construction, marketing, sales and operation of the Zone A Project. The MJTD Joint Venture Agreement was later amended on 23rd April 2014 and on 12th February 2015, for the purpose amongst others the participation of the Japan International Cooperation Agency's (JICA) in MJTD.<br><br>30th November 2013 – The formal launch of the construction of Phase 1 of the Zone A Project. |

10th January 2014 – MJTD was incorporated as a private limited company to undertake the development, construction, marketing, sales and operation of the Zone A Project. March 2014 – Public offering of 2,145,000 shares of MTSH for subscription. The offering price was Ks 10,000, which is based on the par value of the shares.

12th February 2015 – MJTD entered into a Marketing Agreement with MTSH appointing MTSH as an agent for the sale, lease and/or other disposal of MJTD's leasehold interest in the Zone A Project.

19th March 2015 – MTSH incorporated its subsidiary, Thilawa Property Development Ltd (TPD), to undertake the development, construction, marketing, lease and operation of the Residential and Commercial Component of the Zone A Project.

21st July 2015 – TPD was issued an Investment Permit by the Thilawa SMC for the development, construction, marketing, sales and operation of the Residential and Commercial Component of the Zone A Project.

23rd September 2015 – Opening ceremony for the Zone A Project declaring it as commercially operational. MTSH signed a Memorandum of Understanding with the TSMC, MMSTD and JICA for the future development, construction, marketing, sales and operation of the Zone B Project. The Zone B Project is an industrial park development to be located within the Thilawa Special Economic Zone.

20th May 2016 – MTSH listed on the Yangon Stock Exchange.

21st October 2016 – Signed the "Third Amendment and Restatement of Joint Venture Agreement" among Myanmar Thilawa SEZ Holdings Public Limited (MTSH), Thilawa SEZ Management Committee (TSMC), MMS Thilawa Development Co., Ltd (MMSTD) and Japan International Cooperation Agency (JICA) for Zone B Project at Nay Pyi Taw.

23rd October 2016 – The share split was approved by the shareholders by way of a special resolution at the Extraordinary General Meeting (EGM) that is share split of every One (1) existing ordinary share in the capital of the Company into Ten (10) Shares in accordance with Sections 31 and 50 of the Myanmar Companies Act and Article 32 of the Articles of Association of the Company.

| | |
|---|---|
| | 24th February 2017 – held Commencement Ceremony of Zone B (101 hectares out of 700 hectares), a joint effort by Myanmar Thilawa SEZ Holdings Public Limited (MTSH) and Myanmar Japan Thilawa Development Limited (MJTD).<br><br>5th March 2020 – MTSH awarded as Preferred Developer for mixed used Gyogone Redevelopment Project.<br><br>01 August 2020 – U Myint Zaw was appointed as a Managing Director.<br><br>22 June 2023 – As per the resolutions of the Special General Meeting and BOD Meeting (1/2023-2024), Chief Executive Officer title will be used in place of Managing Director. Accordingly, the designation of U Myint Zaw has been the Chief Executive Officer since then. |